လူမှုဖူလုံရေးရန်ပုံငွေ အကျိုးခံစားခွင့်များနှင့် လျော်ကြေးရန်ပုံငွေ



လူမှုဖူလုံရေးရန်ပုံငွေ

အာမခံထားသူများ၊ အလုပ်ရှင် နှင့် အစိုးရ ပေါင်းစပ်ထည့်ဝင်မှု ပြုလုပ်ထားပြီး ထည့်ဝင်ထားသည့် အဖွဲ့ဝင်များအတွက် အာမခံချက် နှင့် တည်ငြိမ်မှု ဖန်တီးရန် အစိုးရမှ တည်ထောင်ထားသည့် ဘဏ် ရန်ပုံငွေတစ်ခု ဖြစ်ပါသည်။

အာမခံအကျိုးခံစားသူ အမျိုးအစားများရှိပါသလား...?

ရန်ပုံငွေ ထည့်ဝင်ထားသူများသည် အကျိုးခံစားခွင့်ရှိ ပြီး အကျိုးခံစားခွင့်ရှိသူ အမျိုးအစား ၃မျိုး ရှိပါသည်။

1. အာမခံ အကျိုးခံစားခွင့်ရှိသူ ပုဒ်မ ၃၃
2. အာမခံ အကျိုးခံစားခွင့်ရှိသူ ပုဒ်မ ၃၉
3. အာမခံ အကျိုးခံစားခွင့်ရှိသူ ပုဒ်မ ၄၀

ရန်ပုံငွေထည့်ဝင်သူများ ဥပဒေအရ ပါဝင်သူ ၃ ဦးအား အောက်ပါအတိုင်း ရန်ပုံငွေပေးသွင်းခွင့် ပြုထားသည်။

လစာကာကွယ်ပေးမှု၏ %	အစိုးရ	အလုပ်ရှင်	အာမခံထားသူ (15,000)	စုစုပေါင်း ပါဝင်မှု	မှတ်ချက်
ဖျားနာ 1.06 မီးဖွား 0.23 မသန်စွမ်း 0.13 သေဆုံး 0.08 **စုစုပေါင်းဖြစ်ရပ် 4 ခု**	1.5	1.5	159.00 34.50 19.50 12 1.5	225 4.5	ပြန်မရ
ကလေး၊ သက်ကြီး ရွယ်အို ထောက်ပံ့ကြေး	1.00	3.00	3.00 450	7.00	ပြန်ပေး - တပေါင်း တည်းငွေ - လစဉ်
အလုပ်လက်မဲ့	0.25	0.50	0.50 75	1.25	ပြန်မရ
ထည့်ဝင်မှု	2.75	5.00	5.00	12.75	

မိမိသည် ဘယ်အချိန်တွင် အကျုံးဝင်စားရမလဲ?

1. နေမကောင်းချိန်

ဆေးကုသမှု ခံယူသည့် လမတိုင်မီ ၁၅ လအတွင်း ၃ လထည့်ဝင်ထားရမည်။



2. မီးဖွားသည့်ကိစ္စရပ်

ကလေးမီးမဖွားမီ၁၅လအတွင်း ၅ လ ထည့်ဝင်ထားရမည်။

3. မသန်စွမ်းဖြစ်မှု

မသန်စွမ်းဖြစ်မှုမတိုင်မီ ၁၅ လအတွင်း ၃ လထည့်ဝင်ထားရမည်။

4. သေဆုံးမှု

သေဆုံးသည့် လမတိုင်မီ ၆ လအတွင်း ၁လ ထည့်ဝင်ထားရမည်။

5. ကလေးစရိတ်

အကျုံးဝင်သော လမတိုင်မီ ၃၆လအတွင်း ၁၂လထည့်ဝင်ထားရမည်။

6. အလုပ်လက်မဲ့

နောက်ဆုံးအလုပ်ရှင်နှင့်အလုပ်လက်မဲ့မဖြစ်မီ ၁၅ လအတွင်း ၆ လ ထည့်ဝင်ထားရမည်။

7. သက်ကြီးစရိတ်

ပေးသွင်းသက်တမ်းကာလအလိုက်

1. လပေါင်း ၁၈၀ ထက်နည်းသော ထည့်ဝင်ထားသည့်သက်ကြီးစရိတ်
2. လပေါင်း ၁၈၀ သို့မဟုတ် ပို၍ ထည့်ဝင်ထားသည့်သက်ကြီးစရိတ်

มิตรไทย www.mitrthai.com Migrant Working Group IOM UN MIGRATION Schweizerische Eidgenossenschaft Confédération suisse Confederazione Svizzera Confederaziun svizra Swiss Agency for Development and Cooperation SDC PROMISE

1. ထိခိုက်ဒဏ်ရာရ သို့မဟုတ် ဖျားနာခဲ့လျှင်

ဆေးကုသမှုခံယူသည့် လမတိုင်မီ ၁၅ လအတွင်း အနည်းဆုံး ၃လထည့်ဝင်ကြေးပေးဆောင်ထားရမည်။

ဆေးကုသမှုဆိုင်ရာ ဝန်ဆောင်မှု ဝင်ငွေဆုံးရှုံးမှုအတွက်လျော်ကြေး ခြေလက်အင်္ဂါအတု နှင့် ကုသရေးကိရိယာ စရိတ်

သွားကုသမှုကိစ္စရပ်

ဆေးကုသမှုဆိုင်ရာ ဝန်ဆောင်မှု

လူမှုဖူလုံရေးရုံးမှ သတ်မှတ်ပေးထားသည့် ရရှိပိုင်ခွင့် အတိုင်း ဆေးရုံတွင်ကုသမှု ခံယူပါ။

အခမဲ့ ကုသမှုအကြိမ်အရေအတွက် ကန့်သတ်ထားခြင်း မရှိပါ။

နှစ်စဉ် ဇန်နဝါရီလ ၁ ရက်မှ မတ်လ ၃၁ ရက်အတွင်း ဆေးရုံ ပြောင်းရန် တောင်းဆိုနိုင်ခွင့်ရှိသည်

ဖျားနာမှုအာမခံတွင် အကျုံးမဝင်သည့် ရောဂါ ၁၄ မျိုး



1. မက်သဒုန်းကို ကုသမှုအတွက် အသုံးပြုခြင်းမှ လွဲ၍ မူးယစ်ဆေးစွဲမှုကို ကုသမှု။
2. နာတာရှည် ကျောက်ကပ်ရောဂါနောက်ဆုံးအဆင့်ကုသမှု မှလွဲ၍ ကျောက်ကပ်အစားထိုးကုသမှု၊ (ကျောက်ကပ်ဆေးခြင်း၊ ကျောက်ကပ်ဆေးသွင်းခြင်း နှင့် ကျောက်ကပ် အစားထိုးခြင်းတို့ အကျုံးဝင်သည်)။
3. ရရှိပိုင်ခွင့်အရ ဆေးရုံမှ သဘောတူချက်ရရှိ၍ လူမှုဖူလုံရေးအဖွဲ့မှ သတ်မှတ်ချက်အခြေအနေနှင့် နှုန်းထားအတိုင်း (၁၈၀ ရက်ထပ်ကျော်လွန်သော ကာလအတွက်) ဆေးရုံသို့ ငွေပေးသွင်းပေးခြင်း မှလွဲ၍ တူညီသော ရောဂါတစ်ခုကို ၁ နှစ်အတွင်း၌ ရက်ပေါင်း ၁၈၀ ကျော်ကြာ အတွင်းလူနာအဖြစ် ကုသရမှု။
4. ဆေးဝါးကုသမှုဆိုင်ရာ ဖော်ပြချက်မပါပဲ အလှအပရေးရာအတွက် မည်သည့်လုပ်ဆောင်မှုမဆို။
5. စမ်းသပ်မှုပြုလုပ်နေသည့် ကုသမှု၊
6. မျိုးဆက်ပွားခြင်းဆိုင်ရာ ကုသမှု၊
7. ရိုးတွင်းခြင်ဆီ အစားထိုးခြင်းအတွက် တစ်သျှူးစစ်ဆေးခြင်းမှ လွဲ၍ ကိုယ်အင်္ဂါအစားထိုးခြင်းအတွက် တစ်သျှူးစစ်ဆေးခြင်း။
8. လိုအပ်သည်ထပ်ပို၍ပြုလုပ်သော မည်သည့် စစ်ဆေးမှုမဆို။
9. ရိုးတွင်းခြင်ဆီ အစားထိုးခြင်း မှလွဲ၍ မျက်ကြည်လွှာ အစားထိုးခြင်း၊ ကျောက်ကပ် အစားထိုးခြင်း၊ နှလုံး၊ အဆုတ်၊ အသည်း၊ ပန်ကရိယ အစားထိုးခြင်းနှင့် အင်္ဂါ တစ်ခုထပ်ပို၍ တပြိုင်နက်တည်းအစားထိုးခြင်း- ကိုယ်တွင်းအင်္ဂါ ခွဲစိတ်ကုသမှု။
10. လိင်ပြောင်းလဲခွဲစိတ်ခြင်း။
11. ဖန်ပြွန်သန္ဓေသားယူခြင်း။
12. ပြန်လည်သန်စွမ်းရေးကာလ ဝန်ဆောင်မှုများ။
13. သွား ကုသမှု- သွားနှုတ်ခြင်း၊ ဖာခြင်း၊ ခြစ်ခြင်းနှင့် အံဆုံး နှုတ်ခြင်းအတွက် မှလွဲ၍ နှင့် ဖြုတ်တပ်နိုင်သည့်သွားတု (တစိတ်တပိုင်း/အကုန်လုံး)။
14. မျက်မှန် အတွင်းတိမ်ခွဲစိတ်ကုသမှုအပြီး အသုံးပြုရသည့် မျက်မှန်မှလွဲ၍။

မတော်တဆဖြစ်မှု/အရေးပေါ် ဖျားနာမှုအတွက် အာမခံ ကတ်ပြားပါ ဆေးရုံသို့ မသွားနိုင်လျှင်

မည်သည့်ဆေးရုံ၊ ဆေးခန်းတွင်မဆို ကုသနိုင်ပြီး လူမှုဖူလုံရေး အာမခံထားသူမှ ဆေးကုသစရိတ် အရင်ပေးထားပါ။ ကုသမှုခံယူခဲ့သည့်အချိန်မှ ၇၂ နာရီအတွင်း (အစိုးရရုံးပိတ်ရက်များ မပါဝင်ပဲ) ဆေးကုသစရိတ်အား အရင်လျှောက်ထား တောင်းဆိုပြီး သတ်မှတ်ထားသော နှုန်းထားအတိုင်း ပြန်လည် ထုတ်ယူနိုင်သည်။

အစိုးရဆေးရုံ

ပြင်ပလူနာ → လိုအပ်သလို အမှန်တကယ်ပေးငွေ

အတွင်းလူနာ → ၇၂ နာရီအတွင်း လိုအပ်သလို အမှန်တကယ်ပေးငွေ

အခန်းခနှုန်း စားစရိတ်မှာ တစ်ရက် ဘတ် ၇၀၀ ထက် မပိုရပါ။

ပုဂ္ဂလိကဆေးရုံ

ပြင်ပလူနာ

အမှန်တကယ်ပေးထားသည့်ဆေးကုသမှု စရိတ်မှာ ဘတ် ၁,၀၀၀ ထက် မပိုရပါ။

အထူးစစ်ဆေးခ (သတ်မှတ်ထားသည့်အတိုင်း)

အတွင်းလူနာ (၇၂ နာရီအတွင်း)

ဆေးကုသစရိတ်	တစ် ရက် ဘတ် ၂,၀၀၀ ထက် မပိုရ
အခန်းစရိတ်	၇၀၀ဘတ် / ရက်
ICU ကုသစရိတ်	၄,၅၀၀ ဘတ် / ရက်
အကြီးစားခွဲစိတ်ခ	၁ နာရီ ထက် မပိုလျှင် ၈,၀၀၀ ဘတ်
	၂ နာရီ ထက် မပိုလျှင် ၁၂,၀၀၀ ဘတ်
	၂ နာရီ နှင့် အထက် ပိုလျှင် ၁၆,၀၀၀ ဘတ်
ပြန်လည်သန်စွမ်းရေးစရိတ်	၄,၀၀၀ ဘတ်
ဓာတ်ခွဲခန်း နှင့်/သို့မဟုတ် ဓာတ်မှန်ရိုက်ခ	၁,၀၀၀ ဘတ်
အထူးစစ်ဆေးခ (သတ်မှတ်ထားသည့်အတိုင်း)	



มิตรไทย www.mitrthai.com Migrant Working Group IOM UN MIGRATION Schweizerische Eidgenossenschaft Confédération suisse Confederazione Svizzera Confederaziun svizra Swiss Agency for Development and Cooperation SDC PROMISE POVERTY REDUCTION THROUGH SAFE MIGRATION, SKILLS DEVELOPMENT AND ENHANCED JOB PLACEMENT

အရေးပေါ်ထိခိုက်မှု သို့မဟုတ် ဖျားနာဖြစ်ခဲ့လျှင်

UCEPအောက်တွင်အာမခံထားသောလူတိုင်းသည် နေရာတိုင်းတွင် အကျိုးခံစားခွင့်ရှိသည်။

မည်သည့် ဆေးရုံ၌မဆို ကုသမှုခံယူနိုင်သည်။

အနီးဆုံး အစိုးရ နှင့် ပုဂ္ဂလိက ဆေးရုံ၌ ကုန်ကျစရိတ် မပေးရပဲ ကုသမှုခံယူနိုင်ပြီး ၂၄နာရီအတွင်း အရေးပေါ် အဆင့် မကျော်လွန်သေးသည်အထိ ကုန်ကျစရိတ်များကို လူမှုဖူလုံရေးရုံးမှ တာဝန်ယူထားပေးမည်ဖြစ်သည်။



အသက်နှင့် ကိုယ်လက်အင်္ဂါများကို ထိခိုက်စေသော ပြင်းထန်သည့် အရေးပေါ်အခြေအနေ ၆ မျိုး မှာ

1. သတိလစ်ခြင်း၊ အသိမဲ့ခြင်း၊ အသက်မရှူခြင်း။
2. အသက်ရှူနှုန်းမြန်ခြင်း၊ မောပန်းစွာအသက်ရှူခြင်း၊ အသက်ရှူသံပြင်းခြင်း။
3. ပြင်းထန်စွာ ရုတ်တရက် ရင်ဘတ်အောင့်ခြင်း။
4. မူးဝေခြင်း၊ ချွေးထွက်ခြင်း၊ အအေးမိခြင်း သို့မဟုတ် တက်ခြင်း။
5. ခြေ/လက် အင်္ဂါတခြမ်းအားနည်းခြင်း၊ လတ်တလော စကားမပီမသ ဗလုံးဗထွေးပြောခြင်း သို့မဟုတ် အဆက်မပြတ် တက်ခြင်း။
6. အသက်အန္တရာယ်ရှိနိုင်သော ဦးနှောက်စနစ် နှင့် သွေးလည်ပတ်မှုစနစ်၊ အသက်ရှူခြင်း ထိခိုက် စေသည့် အခြားလက္ခဏာများ။

အရေးပေါ်နာမကျန်းမှုအခြေအနေဖြစ်ပေါ်ရာတွင် “UCEP” အောက်တွင်အာမခံထားသော လူတိုင်းသည် နေရာတိုင်း၌ အကျိုး ခံစားခွင့်ရှိသည်။ 1669 သို့ခေါ်ဆိုပါ။

မိတ်ဖက်များ

www.mitrthai.com

Migrant Working Group

IOM UN MIGRATION

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra
Swiss Agency for Development and Cooperation SDC

PROMISE

အရေးပေါ်ထိခိုက်မှု သို့မဟုတ် ဖျားနာ ဖြစ်ခဲ့လျှင် UCEP အောက်တွင် အာမခံထားသောလူတိုင်းသည် နေရာတိုင်းတွင် အကျိုးခံစားခွင့်ရှိသည်။

1. UCEP ရပိုင်ခွင့်များအသုံးပြုရန်တောင်းဆိုခြင်း။
2. အမျိုးသား အရေးပေါ် ကုသမှု ပညာရှင် အဖွဲ့အစည်း၏ လမ်းညွှန်ချက်များအတိုင်းအရေးပေါ်နာမကျန်းမှုအခြေအနေကို ပုဂ္ဂလိကဆေးရုံများတွင် စမ်းသပ်စစ်ဆေးနိုင်ခြင်း။
3. ပုဂ္ဂလိကဆေးရုံများသည် လူနာများကို စစ်ဆေးပြီး ရလဒ်အဖြေများကို လူနာ သို့မဟုတ် ဆွေမျိုးများထံ အကြောင်းကြားခြင်း။
4. အရေးပေါ်အခြေအနေ ပြင်းထန်သော နာမကျန်းမှု၏ စံသတ်မှတ်ချက်များနှင့် ပြည့်မီသူများသည် UCEP ၏ အကျိုးကျေးဇူးများအရ ကုသမှု ခံယူရရှိခြင်း။
5. အရေးပေါ်အခြေအနေ ပြင်းထန်သော နာမကျန်းမှု၏ စံသတ်မှတ်ချက်များနှင့် မပြည့်မီသူများသည် ၎င်းတို့၏ ရန်ပုံငွေ ပေါ်မူတည်၍ ရပိုင်ခွင့်အတိုင်း ကုသမှုရရှိခြင်း။

มิตรไทย www.mitrthai.com Migrant Working Group IOM UN MIGRATION Schweizerische Eidgenossenschaft Confédération suisse Confederazione Svizzera Confederaziun svizra Swiss Agency for Development and Cooperation SDC PROMISE



သွားဘက်ဆိုင်ရာ ကုသမှု

1. သွားနှုတ်ခြင်း၊ ဖာခြင်း၊ ခြစ်ခြင်းနှင့် အံဆုံးခဲစိတ်မှုအတွက် တစ်နှစ်လျှင် ဘတ်၉၀၀ထက် မပိုရ။

1. ကြိုတင်ငွေပေးစရာမလိုပဲ လူမှုဖူလုံရေးရုံးနှင့် သဘောတူညီထားသည့် ဆေးရုံဆေးခန်းဥ၌ ဝန်ဆောင်မှုရယူပါ။
2. ကြိုတင်ပေးချေပြီး နိုင်ငံတဝှမ်းရှိ SSO တွင် ထုတ်ယူနိုင်သည်။

2. ၅ နှစ်အတွင်း ဖြုတ်တပ်နိုင်သည့် သွားတုတစ်ချောင်း စိုက်ရာတွင်

- ၁-၅ ချောင်း ဘတ် ၁,၃၀၀ ထက် မပိုရ။
- ၅ ချောင်းနှင့်အထပ် ၁,၅၀၀ ထက် မပိုရ။

3. ၅ နှစ်အတွင်း ပါးစပ်တခုလုံး သွားတုများ တပ်ဆင်ရာတွင်

- အပေါ်သို့မဟုတ် အောက် ဖြုတ်တပ်နိုင်သော သွားတုများ ဘတ် ၂,၄၀၀ ထက် မပိုရ။
- အပေါ်နှင့် အောက် ဖြုတ်တပ်နိုင်သော သွားတုများ ဘတ် ၄,၄၀၀ ထက် မပိုရ။

သွားကုသမှု ကြိုတင်ပေးဆောင်စရာ မလိုအပ်ပါ “အခမဲ့”

လူမှုဖူလုံရေးရုံးနှင့် သဘောတူညီမှုပြုလုပ်ထားသည့် ဆေးရုံ/ဆေးခန်းတွင် ကုသမှု ခံယူ ခဲ့လျှင်

มิตรไทย www.mitrthai.com Migrant Working Group IOM UN MIGRATION Schweizerische Eidgenossenschaft Confédération suisse Confederazione Svizzera Confederaziun svizra Swiss Agency for Development and Cooperation SDC PROMISE POVERTY REDUCTION THROUGH SAFE MIGRATION, SKILLS DEVELOPMENT AND ENHANCED JOB PLACEMENT

ကျန်းမာရေးစစ်ဆေးမှုများ

အစီအစဉ်တွင်ပါဝင်သော မည်သည့်ဆေးဘက်ဆိုင်ရာဌာန/ဆေးရုံများတွင်မဆို အခမဲ့ကျန်းမာရေး စစ်ဆေးမှု ပြုလုပ်ပါ။

အထွေထွေရုပ်ပိုင်းဆိုင်ရာစစ်ဆေးမှု

	အသက်	အထွေထွေစစ်ဆေးမှု
အကြားအာရုံစစ်ဆေးမှု Finger Rub Test	15နှစ် နှင့်အ ထက်	1 နှစ်တစ်ကြိမ် စစ်ဆေး
ဆရာဝန် သို့မဟုတ် ကျန်းမာရေး ဝန်ထမ်းမှ ရင်သားစစ်ဆေးခြင်း	30-39 နှစ်	3 နှစ်တစ်ကြိမ် စစ်ဆေး
	40-54 နှစ်	နှစ်စဉ် စစ်ဆေး
	55နှစ်နှင့် အ ထက်	အန္တရာယ်ရှိချိန် သို့ သင့်တော်ချိန်စစ်ဆေး
မျက်စိအထူးကု၏ကြီးကြပ်မှုဖြင့် မျက်စိစစ်ဆေးခြင်း	40-54 နှစ်	1 ကြိမ် စစ်ဆေး
	55 နှစ်နှင့်အ ထက်	1-2 နှစ်တစ်ကြိမ် စစ်ဆေး
		1 နှစ်တစ်ကြိမ် စစ်ဆေး
မျက်စိစစ်ဆေးမှု Snellen eye chart	55 နှစ်နှင့်အ ထက်	

ဓာတ်ခွဲခန်းစစ်ဆေးမှု

သွေးဆဲလ်များကောင်းမွန်မှု CBC	18-54 နှစ်	1 ကြိမ်စစ်ဆေး
	55-70 နှစ်	1 နှစ်တစ်ကြိမ် စစ်ဆေး
ဆီး စစ်ဆေးမှုUA	55 နှစ်နှင့် အ ထက်	1 နှစ်တစ်ကြိမ် စစ်ဆေး

သွေးတွင်းဓာတုစစ်ဆေးမှုများ

သွေးတွင်းသကြားဓာတ်FBS	35-54 နှစ်	3 နှစ်တစ်ကြိမ် စစ်ဆေး
	55 နှစ်နှင့်အ ထက်	1 နှစ်တစ်ကြိမ် စစ်ဆေး
ကျောက်ကပ်လုပ်ဆောင်မှု Cr	55 နှစ်နှင့်အ ထက်	1 နှစ်တစ်ကြိမ် စစ်ဆေး
သွေးတွင်းအဆီပါဝင်မှုအမျိုးအစား Total Cholesterol &HDL	20 နှစ်နှင့်အ ထက်	5 နှစ်တစ်ကြိမ် စစ်ဆေး

အခြားစစ်ဆေးမှုများ

အသဲရောင်ရောဂါ HBsAg	2535နှစ်မတိုင်မီမွေးသူ	1 ကြိမ် စစ်ဆေး
သားအိမ်ခေါင်းကင်ဆာ သို့မဟုတ် Pap Smear	30-54 နှစ်	3 နှစ်တစ်ကြိမ် စစ်ဆေး
	55 နှစ်နှင့်အ ထက်	အန္တရာယ်ရှိချိန် သို့မဟုတ် သင့်တော်ချိန်စစ်ဆေး
Via ဖြင့် သားအိမ်ခေါင်းကင်ဆာ	30-54 နှစ်	5 နှစ်တစ်ကြိမ် စစ်ဆေး
	55 နှစ်နှင့်အ ထက်	Pap smear စစ်ဆေးရန်အကြံပြု
ဝမ်းသွားလျှင်သွေးပါ FOBT	50 နှစ်နှင့်အ ထက်	1 နှစ်တစ်ကြိမ် စစ်ဆေး
ရင်ဘတ် X-ray	15 နှစ်နှင့်အ ထက်	1 နှစ်တစ်ကြိမ်

มิตรไทย www.mitrthai.com Migrant Working Group IOM UN MIGRATION Schweizerische Eidgenossenschaft Confédération suisse Confederazione Svizzera Confederaziun svizra Swiss Agency for Development and Cooperation SDC PROMISE POVERTY REDUCTION THROUGH SAFE MIGRATION, SKILLS DEVELOPMENT AND ENHANCED JOB PLACEMENT

အာမခံထားရှိသူမှ ရောဂါကာကွယ်ရေး နှင့် ကျန်းမာရေးကောင်းမွန်ရေး ဝန်ဆောင်မှု တောင်းဆိုရာတွင် လုပ်ငန်းစဉ်အဆင့်ဆင့် ပြသသည့်ဇယား



มิตรไทย www.mitrthai.com Migrant Working Group IOM UN MIGRATION Schweizerische Eidgenossenschaft Confédération suisse Confederazione Svizzera Confederaziun svizra Swiss Agency for Development and Cooperation SDC PROMISE POVERTY REDUCTION THROUGH SAFE MIGRATION, SKILLS DEVELOPMENT AND ENHANCED JOB PLACEMENT



ဝင်ငွေဆုံးရှုံးမှု အတွက် လျော်ကြေး

ဝင်ငွေမရှိခြင်းအတွက် လုပ်ခလစာ၏ ၅၀% ကိုလျော်ကြေးအဖြစ်ရရှိမည်။

တစ်ကြိမ်လျှင် ရက် ၉၀ ထက်မပိုသော တစ်နှစ်လျှင် ရက် ၁၈၀ ထက်မပိုသော နှင့် နာတာရှည် ရောဂါများဖြစ်လျှင် တစ်နှစ်လျှင် ၃၆၅ ရက် ထက်မပိုသော

နာတာရှည်ရောဂါများ
(1) ကင်ဆာ (2) နာတာရှည်ကျောက်ကပ်ပျက်စီး**ခြင်း**
(3) အေအိုင်ဒီအက်စ်
(4) ဦးနှောက်၊ ဦးနှောက်သွေးကြော သို့မဟုတ် ကျောရိုး ဒဏ်ရာရမှု/ရောဂါများကြောင့် ကိုယ်ခန္ဓာမသန်စွမ်းမှု
(5) အရိုးဆက်ခြင်း၏ နောက်ဆက်တွဲ ပြဿနာများ-၎င်းတို့မှာ အရိုးဆက်နှေးကွေးမှု၊ ပုံမှန်မဟုတ်သော အရိုးမဆက်မှု၊ သို့မဟုတ် စတီးအရိုးထည့်ခြင်း။
(6) ဆရာဝန်ညွှန်ကြားချက်ဖြင့် ရက် ၁၈၀ ကျော် ဆက်လက်အလုပ်မလုပ်နိုင်ပဲ ဆေးကုသမှု ဆက်လက်ခံယူရန်လိုအပ်သည့် နာမကျန်းမှု သို့မဟုတ် အခြားရောဂါများ။

ကိုယ်လက်အင်္ဂါအတုနှင့် ကုသရေးကိရိယာများ

ဆေးဘက်ဆိုင်ရာကောင်စီ၏ ကြေညာချက် နှင့် လူမှုဖူလုံရေး အက်ဥပဒေ 2533 (1990) အရ ပေးဆောင်ရမည်။
- **၂၂ရက် ဒီဇင်ဘာ ၂၀၂၂တွင်ထုတ်ပြန် ၍ ၁ရက် ဇန်နဝါရီ၂၀၂၃ တွင် သက်ရောက်**သည်။

ကိုယ်လက်အင်္ဂါအတုများနှင့် ကိရိယာများအတွက် ကုဒ်နံပါတ် နှင့် ၎င်းတို့အားအသုံးပြုရန် အတွက် ဆရာဝန်ဆေးလက်မှတ် ပြသရန် လိုအပ်သည်။

2. မီးဖွားခြင်းအတွက် အကျိုးခံစားခွင့်



မီးမဖွားမီ ၁၅ လအတွင်း အနည်းဆုံး ၅ လ ထည့်ဝင်ကြေးပေးထားရမည်။

မီးဖွားခန္ဓာနှုန်းသည် ဘတ် ၁၅,၀၀၀ ဖြစ်ပြီး အကြိမ်ရေကန့်သတ်ထားမှု မရှိပါ။

မီးဖွားအလုပ်နားခွင့် ၂ ကြိမ် အတွက် လစာ၏ ၅၀% ကို ရက် ၉၀အတွက် ရရှိမည်။ (အာမခံထားသည့် အမျိုးသမီးများအတွက်သာ)

ကိုယ်ဝန်စစ်ဆေးခန့် စောင့်ရှောက်ခသည် ဘတ် ၁,၅၀၀ ထက် မပိုရ။

အပတ် ၁၂ အထိ	၅၀၀
အပတ် ၁၂ – ၂၀ အတွင်း	၃၀၀
အပတ် ၂၀ – ၂၈ အတွင်း	၃၀၀
အပတ် ၂၈ – ၃၂ အတွင်း	၂၀၀
အပတ် ၃၂ပတ် သို့မဟုတ် ထိုထက်ပို	၂၀၀

လက်ထပ်စာချုပ်မရှိသည့် အာမခံထားသူ၏ ကိုယ်တိုင်သက်သေလက်မှတ်

လက်ထပ်စာချုပ်မရှိသည့် အာမခံထားသူ၏ ကိုယ်တိုင်သက်သေလက်မှတ်

1. ကျွန်တော် ဦး..... .....

မှတ်ပုံတင်နံပါတ် ..... ဆက်သွယ်ရမည့်လိပ်စာ အမှတ်..... ရပ်ကွက်..... လမ်း

..... တန်ပွန်း/မြို့နယ်ခွဲ ..... ခရိုင်ခွဲ/ခတ်.....

ခရိုင် ..... စာတိုက်နံပါတ်..... ဖုန်းနံပါတ်.....

2. ကျွန်တော်သည် တရားဝင် လက်ထပ်စာချုပ် မရှိပဲ ဒေါ်/မ ..... နှင့် ဇနီးခင်ပွန်းကဲ့သို့ ပွင့်လင့်စွာအတူနေထိုင်သည်။

3. ဒေါ်/မ.....သည် .....ရက်၌ ကလေးမွေးဖွားခဲ့ပြီး

ထိုကလေးမွေးဖွားချိန်တွင် ကျွန်တော့် ၌ ဥပဒေအရ အခြားအမျိုးသမီး မရှိပါ။

အထက်ပါဖော်ပြချက်များသည် မှန်ကန်သေချာကြောင်း ကျွန်ုပ်အသိအမှတ်ပြုပြီး သက်သေအဖြစ် လက်မှတ်ရေးထိုး ပါသည် ။

(လက်မှတ်)..... အာမခံထားသူ (လက်မှတ်)..... အာမခံထားသူနှင့်ဇနီး/ခင်ပွန်းအဖြစ်

(.....) (.....) အတူနေထိုင်သည့်ဖော်ပြပါအမျိုးသမီး

(လက်မှတ်)..... သက်သေ (လက်မှတ်)..... သက်သေ

(.....) (.....)

သတိပေးချက်- ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၄၁ အရ လူတစ်ဦးသည် လိမ်ညာထွက်ဆိုခြင်း သို့မဟုတ် ပြောဆိုသင့်သည့် အမှန် ထွက်ဆိုချက်ကို ဖုံးကွယ်ခြင်းဖြင့် အခြားသူများအား လိမ်ညာခြင်း၊ လိမ်ညာခံရသူ သို့မဟုတ် အခြားတတိယသူထံမှ မရိုးသားသောနည်း ဖြင့် ပိုင်ဆိုင်မှုရယူရန် အမှန်တကယ်စာရွက်စာတမ်းကို ဖျက်စီးမှုတို့ ပြုလုပ်ခဲ့လျှင် ရာဇဝတ်ပြစ်မှု ကျူးလွန်မှုဖြစ်ပြီး သုံးနှစ်ထက် မပိုသော ထောင်ဒဏ် သို့မဟုတ် ဘတ် ၆ ထောင် ထက် မပိုသော ငွေဒဏ် သို့မဟုတ် နှစ်မျိုးလုံးကျခံရမည်။

3. မသန်စွမ်းဖြစ်မှု အကျိုးခံစားခွင့်

အများဆုံးလုပ်အားခ၏ ၅၀% လျော်ကြေး ရရှိမည်။

ဝင်ငွေဆုံးရှုံးမှုအတွက် လျော်ကြေးပေးခြင်း

အပျော့စားအဆင့် ၃၅ – ၄၉ ရာခိုင်းနှုန်း ဆုံးရှုံးမှု ၁၅ နှစ်ကာလအတွက် လစာ၏ ၃၀% လျော်ကြေးရရှိမည်။

ပြင်းထန်အဆင့် ၅၀% သို့မဟုတ် ပို၍ ဆုံးရှုံးမှု ဘဝတသက်တာအတွက် လစာ၏ ၅၀% လျော်ကြေး ရရှိမည်။

ဆေးကုသ ကုန်ကျစရိတ်

အစိုးရဆေးရုံ ပြင်ပလူနာသည် လိုအပ်သောအမှန်တကယ် ပေးချေငွေ ကို ပြန်လည်ထုတ်ယူနိုင် သည်။ ပြင်ပလူနာသည် ကုသစရိတ် အခမဲ့ရရှိမည်။

ပုဂ္ဂလိကဆေးရုံ ပြင်ပလူနာသည် တစ်လလျှင် ဘတ် ၂,၀၀၀ထက် မပိုရ ။ အတွင်းလူနာသည် တစ်လလျှင် ဘတ် ၄,၀၀၀ ထက် မပိုရ။

လူနာတင်ကား/ မသန်စွမ်းသူအားပို့ဆောင်ရန်အတွက် ယာဉ်ခသည် တစ်လ ဘတ် ၅၀၀

သက်ကြီးပင်စင်(အာမခံမရှိသည့်ဖြစ်ရပ်) မသန်စွမ်းသည့်သူ သေဆုံးခဲ့လျှင်

သေဆုံးမှုဖြစ်ခဲ့လျှင် နာရေးစရိတ်၊ သေဆုံးမှုအတွက် ထောက်ပံ့ကြေး

4. သဆုံးမှု ခံစားခွင့်

မသေဆုံးမီလမှ ၆ လအတွင်း အနည်းဆုံး ၁ လထည့်ဝင်ကြေးပေးထားရမည်။

နာရေးစရိတ် ဘတ် ၅၀,၀၀၀

သေဆုံးစရိတ်ကို အာမခံထားသူမှ အကျိုးခံစားခွင့်လက်ခံရန် စာထုတ် သတ်မှတ်ထားသည့် သူသို့မဟုတ် အမွေဆက်ခံခွင့် ရှိသူအားပေးမည်။

၃၆ - ၁၁၉ လထည့်ဝင်ကြေးပေးသွင်းထားပြီးလျှင် ငွေ ၂ ဆ ရရှိမည်။
၁၂၀ လထည့်ဝင်ကြေးပေးသွင်းထားပြီးလျှင် ငွေ ၆ ဆ ရရှိမည်။
နာတာရှည် ဖျားနာနေစဉ် ဝင်ငွေမရှိသည့် အတွက် လူမှုဖူလုံရေးမှ လျော်ကြေးရရှိပြီး လူနာသေဆုံးခဲ့လျှင် နာရေးစရိတ်/ထောက်ပံ့ကြေး ရရှိခွင့် ရှိသည်။

သက်ကြီးပင်စင်လစာ(သေဆုံးမှုဖြစ်ခဲ့လျှင် အောက်ပါအတိုင်း အမွေဆက်ခံရန် ရှိသူကိုပေးမည်။)

1. မိဘများ။
2. ခင်ပွန်း သို့မဟုတ် ဇနီး။
3. တရားဝင် သားသမီး။
4. အာမခံထားသူသည် အကျိုးခံစားခွင့် ရရှိရန် စာဖြင့်ရေးသားသတ်မှတ်ထားသည့် အခြားသော လူပုဂ္ဂိုလ်များ။

သေဆုံးမှုနှင့် ပတ်သတ်သည့် စာရွက်စာတမ်း နမူနာများ



หนังสือรับรองการเป็นผู้จัดการศพ

สถานที่.....

วันที่.....

ด้วย ○ นาย ○ นาง ○ นางสาว.....

ได้นำศพของ ○ นาย ○ นาง ○ นางสาว.....

มาบำเพ็ญกุศลที่.....ตั้งอยู่เลขที่.....หมู่ที่.....

ถนน.....ตำบล/แขวง.....

อำเภอ/เขต.....จังหวัด.....ระยะเวลา.....วัน

ตั้งแต่วันที่.....ถึงวันที่.....และ ได้ทำการ

○ ฌาปนกิจศพ ○ เก็บเศษ วันที่.....เวลา.....น.

ข้าพเจ้า.....ตำแหน่ง.....

ขอรับรองว่า ○ นาย ○ นาง ○ นางสาว.....

อยู่บ้านเลขที่.....หมู่ที่.....ถนน.....

ตำบล/แขวง.....อำเภอ/เขต.....

จังหวัด.....เป็นผู้จัดการศพแต่เพียงผู้เดียว

ลงชื่อ.....

(.....)

ตำแหน่ง.....

(ประทับตราวัด หรือภูสถาน)



หนังสือระบุให้เป็นผู้มีสิทธิรับเงินบำเหน็จรายศพ

เขียนที่.....

วันที่.....เดือน.....พ.ศ.....

ข้าพเจ้า นาย/นาง/นางสาว.....นามสกุล.....

อายุ.....ปี เลขประจำตัวประชาชน [ ][ ][ ][ ][ ][ ][ ][ ][ ][ ][ ][ ] เป็นผู้ประกันตน

ที่มีสิทธิได้รับประโยชน์ทดแทนกรณีชราภาพตามพระราชบัญญัติประกันสังคม พ.ศ. 2533 แก้ไขเพิ่มเติม

โดยพระราชบัญญัติประกันสังคม (ฉบับที่ 4) พ.ศ. 2558

ขอแสดงเจตนาระบุผู้มีสิทธิได้รับเงินบำเหน็จรายศพกรณีข้าพเจ้าถึงแก่ความตาย โดยหนังสือฉบับนี้ว่า

เมื่อข้าพเจ้าถึงแก่ความตายและยังมิสิทธิได้รับประโยชน์ทดแทนกรณีชราภาพตามมาตรา 77 ตัวความพระราชบัญญัติ

ประกันสังคม พ.ศ.2533 ฯ ข้าพเจ้าประสงค์ให้จ่ายเงินบำเหน็จรายศพแก่

นาย /นาง /นางสาว.....นามสกุล.....

เลขประจำตัวประชาชน [ ][ ][ ][ ][ ][ ][ ][ ][ ][ ][ ][ ] ที่อยู่ปัจจุบันที่สามารถติดต่อได้ เลขที่.....

หมู่ที่.....อาคาร/หมู่บ้าน.....ซอย.....ถนน.....

ตำบล/แขวง.....อำเภอ/เขต.....จังหวัด.....รหัสไปรษณีย์.....

โทรศัพท์.....โทรสาร.....โทรศัพท์เคลื่อนที่.....

หนังสือฉบับนี้ ข้าพเจ้า.....ได้แสดงเจตนาลายลักษณ์อักษรไว้

ต่อหน้าพยาน และพยานได้ลงลายมือชื่อรับรองข้อความในหนังสือต่อหน้าข้าพเจ้าแล้ว

ลงชื่อ.....ผู้แสดงเจตนา

(.....)

ลงชื่อ.....พยาน

(.....)

[ ][ ][ ][ ][ ][ ][ ][ ][ ][ ]

ลงชื่อ.....พยาน

(.....)

[ ][ ][ ][ ][ ][ ][ ][ ][ ][ ]

หมายเหตุ
- ให้ระบุเลขประจำตัวประชาชนของพยานด้วย
- ให้ผู้ประกันตนหรือผู้มีสิทธิรับเงินบำเหน็จรายศพ
- กรณีผู้ประกันตนมีการเปลี่ยนแปลงชื่อผู้มีสิทธิได้ทำตามหนังสือฉบับนี้ด้วย
- กรณีผู้ประกันตนประสงค์แสดงเจตนาระบุให้ผู้มีสิทธิรับเงินบำเหน็จรายศพมากกว่า 1 คนขึ้นไป



แบบหนังสือระบุให้เป็นผู้มีสิทธิรับเงินสงเคราะห์กรณีตาย

เขียนที่.....

วันที่.....เดือน.....พ.ศ.....

ข้าพเจ้า นาย/นาง/นางสาว.....นามสกุล.....

อายุ.....ปี เลขประจำตัวประชาชน [ ][ ][ ][ ][ ][ ][ ][ ][ ][ ][ ][ ] เป็นผู้ประกันตน

ตามพระราชบัญญัติประกันสังคม พ.ศ. 2533

ขอแสดงเจตนาระบุผู้มีสิทธิได้รับเงินสงเคราะห์กรณีข้าพเจ้าถึงแก่ความตายตามมาตรา 73 (2)

แห่งพระราชบัญญัติประกันสังคม พ.ศ. 2533 แก้ไขเพิ่มเติมโดยพระราชบัญญัติประกันสังคม (ฉบับที่ 2) พ.ศ. 253

โดยหนังสือฉบับนี้ว่า เมื่อข้าพเจ้าถึงแก่ความตาย ข้าพเจ้าประสงค์ให้จ่ายเงินสงเคราะห์แก่บุคคลธรรม.....ก

ดังมีรายชื่อต่อไปนี้

1. ชื่อ.....นามสกุล.....

เลขประจำตัวประชาชน [ ][ ][ ][ ][ ][ ][ ][ ][ ][ ][ ][ ] ให้ได้รับ.....ส่า

โทรศัพท์.....โทรสาร.....โทรศัพท์เคลื่อนที่.....

2. ชื่อ.....นามสกุล.....

เลขประจำตัวประชาชน [ ][ ][ ][ ][ ][ ][ ][ ][ ][ ][ ][ ] ให้ได้รับ.....ส่ว

โทรศัพท์.....โทรสาร.....โทรศัพท์เคลื่อนที่.....

หนังสือฉบับนี้ ข้าพเจ้า.....ได้แสดงเจตนาลายลักษณ์อักษรไว้

ต่อหน้าพยาน และพยานได้ลงลายมือชื่อรับรองข้อความในหนังสือต่อหน้าข้าพเจ้าแล้ว

ลงชื่อ.....ผู้แสดงเจตนา

(.....)

ลงชื่อ.....พยาน

(.....)

[ ][ ][ ][ ][ ][ ][ ][ ][ ][ ]

ลงชื่อ.....พยาน

(.....)

[ ][ ][ ][ ][ ][ ][ ][ ][ ][ ]

หมายเหตุ
1) ให้ระบุเลขประจำตัวประชาชนของพยานด้วย
2) ให้ผู้ประกันตน หรือผู้มีสิทธิรับเงินฉบับนี้ไว้ด้วย
3) เมื่อผู้ประกันตนมีชีวิตให้ผู้มีสิทธิทำหนังสือฉบับนี้ไปยื่นต่อเพื่อขอรับประโยชน์ทดแทน
ที่สำนักงานประกันสังคมจังหวัดหรือสำนักงานประกันสังคมสาขาสิ้นสุดที่ยื่นต่อสิทธิได้ที่สถานที่ประกอบ
4) หากมีการเปลี่ยนแปลงชื่อผู้มีสิทธิทำตามหนังสือฉบับนี้ต่อไปก่อนด้วย

มิตรไทย www.mitrthai.com Migrant Working Group

IOM UN MIGRATION

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra
Swiss Agency for Development and Cooperation SDC

PROMISE
POVERTY REDUCTION THROUGH SAFE MIGRATION, SKILLS DEVELOPMENT AND ENHANCED JOB PLACEMENT

5. ကလေးစရိတ် အကျိုးခံစားခွင့်

ခံစားခွင့် မရမီ ၃၆ လအတွင်း အနည်းဆုံး ၁၂ လ ထည့်ဝင်ကြေးပေးထားရမည်။

ကလေးတစ်ဦး လျှင် ဘတ် ၈၀၀ နှုန်းဖြင့်ရရှိမည်။
တစ်ကြိမ်လျှင် ၃ ဦးအထိခံစားခွင့်ရရှိမည်။ (တရားဝင် ကလေး)

မွေးကင်းစမှ ၆ နှစ်အထိ ရရှိမည်။

မသန်စွမ်း/သေဆုံး သည့်ကလေး တစ်ဦးလျှင် ဘတ် ၈၀၀နှုန်းထားဖြင့် ရရှိမည်။

ဇနီးမောင်နှံနှစ်ယောက်လုံး အာမခံထားရှိလျှင် တစ်ဘက်မှ အခွင့်အရေးရရှိရန် ရွေးချယ်နိုင်သည်။

ကလေးသည် မွေးဖွားသည့်ရက်မှစ၍ ဖခင်၏ တရားဝင် ကလေးဖြစ်လိမ့်မည်

ကလေးထောက်ပံ့ငွေရရှိခွင့် သက်တမ်းပြီးဆုံး ခြင်း

1. ကလေးအသက် ၆ နှစ်ပြည့်ခြင်း
2. ကလေးအားအခြားသူတဦးမှ မွေးစားခြင်း
3. ကလေးသေဆုံး ခြင်း
4. အာမခံအကျိုးခံစားခွင့် ပြီးဆုံး ခြင်း

ဖခင်၏ တရားဝင်ကလေး ဖြစ်လာပုံ



ဖခင်၏ တရားဝင် ကလေးဖြစ်လာရန် အောက်ဖော်ပြပါ တစ်ခုခု နှင့် ကိုက်ညီမှု ရှိရမည်-

1) လက်ထပ်စာချုပ်

2) မွေးစာရင်းမှတ်ပုံတင်

3) တရားရုံးမှ သားသမီးအဖြစ် ဆုံးဖြတ်ထားသည်။

***ကလေးသည် မွေးဖွားသည့်ရက်မှစ၍ ဖခင်၏ တရားဝင် ကလေးဖြစ်လိမ့်မည် ။ ***

6. သက်ကြီးရွယ်အို အကျိုးခံစားခွင့်

၁ – ၁၇၉ လ ထည့်ဝင်မှု သက်ကြီးပင်စင် (တပေါင်းတည်း) ရရှိမှု

၁၈၀ လ သို့မဟုတ် ပို၍ ထည့်ဝင်မှု သက်ကြီးပင်စင် (လစဉ်) ရရှိမှု

အရည်အချင်းပြည့်မီမှု အခြေအနေ

1. အသက် ၅၅ နှစ်ပြည့်ပြီးခြင်း နှင့်
2. အာမခံအကျိုးခံစားခွင့် ကုန်ဆုံးခြင်း

သက်ကြီးပင်စင်လစာ

၁၂ လ ထက် နည်းသော ထည့်ဝင်ကြေးပေးဆောင်ထားပါက

အာမခံထားသူပေး ဆောင်ထားသည့် ပမာဏကိုသာ ရရှိမည်။

လပေါင်း ၁၂ – ၁၇၉ လ ထည့်ဝင်ထားလျှင်

အာမခံထားသူ၏ ထည့်ဝင်ကြေး + အလုပ်ရှင် + သတ်မှတ်ထားသည့် နှုန်းထား အကျိုးခံစားခွင့် တို့ရရှိမည်။

နောက်ဆုံး ၆၀ လအတွက် ပျမ်းမျှလစာ x ၂၀ %

သက်ကြီးပင်စင်ထည့်ဝင်ထားသောလပေါင်း ၁၈၀(၁၅နှစ်) = ၂၀ %

၁၂ လတိုင်း ထပ်တိုးမှု၏ အပို = ၁.၅ %

တစ်သက်တာပင်စင်လစာကို လစဉ် ဘဏ်မှ တစ်ဆင့် လက်ခံရရှိသည်။

*** ငွေသွင်းစာအုပ် သို့မဟုတ် PromptPay နှင့် IDကတ်နံပါတ် ***

ရန်ပုံငွေထည့်ဝင်ထားသည့် ကာလအလိုက် အာမခံထားသူ လစဉ်ရရှိမည့် သက်ကြီးပင်စင် နှုန်းထားဥပမာများ

ရန်ပုံငွေထည့်ဝင်ထားသည့် လ ရေအတွက် (အရစ်ကျ)	ပျမ်းမျှလစာ၏ ရာခိုင်နှုန်း	နောက်ဆုံး လပေါင်း 60 အတွက်ပျမ်းမျှလစာ					
		4,800	5,000	8,000	10,000	12,000	15,000
		ရရှိမည့် ပင်စင်	ရရှိမည့် ပင်စင်	ရရှိမည့် ပင်စင်	ရရှိမည့် ပင်စင်	ရရှိမည့် ပင်စင်	ရရှိမည့် ပင်စင်
180	20 %	960	1,000	1,600	2,000	2,400	3,000
192	21.5 %	1,032	1,075	1,720	2,150	2,580	3,225
204	23 %	1,104	1,150	1,840	2,300	2,760	3,450
216	24.5 %	1,176	1,225	1,960	2,450	2,940	3,675
228	26 %	1,248	1,300	2,080	2,600	3,120	3,900
240	27.5 %	1,320	1,375	2,200	2,750	3,300	4,125
252	29 %	1,392	1,450	2,320	2,900	3,480	4,350
264	30.5 %	1,464	1,525	2,440	3,050	3,660	4,575
276	32 %	1,536	1,600	2,560	3,200	3,840	4,800
288	33.5 %	1,608	1,675	2,680	3,350	4,020	5,025
300	35 %	1,680	1,750	2,800	3,500	4,200	5,250

သက်ကြီးပင်စင်လစာအတွက် အရည်အချင်းပြည့်မီ သော အာမခံထားသူများ သိရှိထားရမည့် အချက်များ

ရပ်ဆိုင်းထားသောသက်ကြီးပင်စင် ပြန်လည် အာမခံထားရန်။

အကယ်၍ ရပ်ဆိုင်းခဲ့လျှင် သက်ကြီးပင်စင် အကျိုးခံစားခွင့် နောက်ထပ်ရရှိမည်။

သက်ကြီးပင်စင် ရရှိနေသည့် လပေါင်း ၆၀ အတွင်း သေဆုံးခြင်း။

အမွေဆက်ခံသူသည် ကျန်ရှိသည့် သက်ကြီးပင်စင်ကို လ ၆၀ ပြီးဆုံးသည်အထိ ရရှိမည်။ (29 ဧပြီ 22 မှသက်ရောက်သည်။)

သက်ကြီးပင်စင်ရရှိပြီး အာမခံထားသူပြန်လုပ်စဉ် လပေါင်း ၆၀ အတွင်း သေဆုံးခြင်း။

အာမခံထားသူကိုပေးရန် အာမခံငွေနှင့်အတူ လက်ကျန်လစဉ်ပင်စင်ကို အမွေဆက်ခံသူသည် လပေါင်း ၆၀ အထိ (29 ဧပြီ 22 မှသက်ရောက်သည်။) ရရှိမည်။

သက်ကြီးပင်စင် ရရှိနေစဉ် လ ၆၀ မပြည့်သေးပဲ သေဆုံးသွားခြင်း။

သက်ကြီးပင်စင်မှာ ၁၀ လ ထက် နည်းနေလျှင် လစဉ် ပင်စင် သည် ၁၀လရရှိမည်။ (29 ဧပြီ 22 မတိုင်မီပင်စင် ခံစားခွင့်ရှိသူများအတွက်သာ)

มิตรไทย www.mitrthai.com Migrant Working Group IOM UN MIGRATION Schweizerische Eidgenossenschaft Confédération suisse Confederazione Svizzera Confederaziun svizra Swiss Agency for Development and Cooperation SDC PROMISE POVERTY REDUCTION THROUGH SAFE MIGRATION, SKILLS DEVELOPMENT AND ENHANCED JOB PLACEMENT

ကွယ်လွန်သူ၏ပင်စင်လစာ ရရှိခွင့်ရှိသူ

တရားဝင်အမွေဆက်ခံသူ

1. မွေးစားကလေး သို့မဟုတ် အခြားသူတစ်ဦးမှ မွေးစားလိုက်သည့် ကလေး မှလွဲ၍ တရားဝင်ကလေးသည် ဝေစု ၂ ခုရရှိပြီး ၃ ယောက် သို့မဟုတ် ထိုထက်ပိုရှိလျှင် ဝေစု ၃ ခုရရှိမည်။
2. ခင်ပွန်း သို့မဟုတ် ဇနီးသည် ဝေစု ၁ ခု ရရှိမည်။
3. မိဘ သို့မဟုတ် ကျန်ရှိသည့် မိဘသည် ဝေစု ၁ ခုရရှိမည်။
4. အာမခံထားသူမှ စာဖြင့်ရေးသား သတ်မှတ်ထားသူသည်ဝေစု ၁ခု ရရှိခွင့်ရှိသည်။

အမွေဆက်ခံသူမရှိလျှင် သို့မဟုတ် အကျိုးခံစားခွင့်ကို စာဖြင့်ရေးသား သတ်မှတ်ထားသည့်လူ မရှိခဲ့လျှင်

အမွေဆက်ခံသူ အသီးသီးအား တူညီသော အချိုးနှုန်းဖြင့် ရရှိခွင့် ပေးသည်။

1. တစ်မိဘထဲမှမွေးဖွားသည့် မောင်နှမများ။
2. အဖေတစ်ဦးထဲ သို့မဟုတ် အမေတစ်ဦးထဲမှမွေးဖွားမောင်နှမများ။
3. အဘိုး၊ အဘွားများ။
4. ဦးလေး၊ အဒေါ်များ။

7. အလုပ်လက်မဲ့ အကျိုးခံစားခွင့်

နောက်ဆုံးအလုပ်ရှင်နှင့် အလုပ်လက်မဲ့မဖြစ်မီ ၁၅ လ အတွင်း အနည်းဆုံး ၆ လထည့်ဝင်ငွေပေးသွင်း ထားရမည်။

1. အလုပ်ထွက်/အလုပ်သမားစာချုပ်ပြီးဆုံးခြင်းတွင် ပြက္ခဒိန်နှစ်တစ်နှစ်၌ရက် ၉၀ ထက် မပိုသော လုပ်ခလစာ၏ ၃၀% ကို ရရှိမည်။
2. အလုပ်မှရပ်စဲခြင်းတွင် ပြက္ခဒိန်နှစ်တစ်နှစ် ၌ ရက် ၁၈၀ ထက် မပိုသော လုပ်ခလစာ၏ ၅၀% ကို ရရှိမည်။
3. သဘာဝဘေးအန္တရာယ်ကြောင့် အလုပ်မှဖိအားပေးထွက်စေမှုတွင် ရက် ၁၈၀ ထက် မပိုသော လုပ်ခလစာ၏ ၅၀% ရရှိမည်။
4. ကူးစက်ရောဂါပျံ့ပွားမှုကြောင့် အလုပ်မှဖိအားပေးထွက်စေမှုတွင် ရက် ၉၀ ထက် မပိုသော လုပ်ခလစာ၏ ၅၀% ရရှိမည်။
5. အလုပ်ဖြုတ်/ထုတ်ပယ် ငြင်းပယ်/လစာမပေး

ရပိုင်ခွင့် အခြေအနေ (အလုပ်ထွက်/ထုတ်ပယ်ခြင်းဖြစ်ရပ်)

1. အစိုးရအလုပ်သမားရုံးတွင် အချက်အလက်စနစ်အတွက် မှတ်ပုံတင်ရမည်။ http://e-service.doe.go.th
2. အစိုးရမှ စီစဉ်ပေးသည့် သင့်တော်သော အလုပ်အကိုင်ကို လုပ်နိုင်ရမည်။
3. အလုပ်သင် ကာလကို မငြင်းပယ်ရ။
4. ၁ လလျှင် တစ်ကြိမ် အလုပ်သမားရုံးသို့ အကြောင်းကြားရမည်- အကြောင်းမကြားလျှင် ငွေ မရရှိပါ။
5. အလုပ်ရှင်အား စော်ကားပြုမူခြင်းကြောင့် အလုပ်ထုတ်ခံရ ခြင်း မဖြစ်စေရ။

အခက်အခဲ အကြပ်အတည်းကြောင့်အလုပ်မှထုတ်ပယ်မှုတွင် အလုပ်လက်မဲ့အတွက်တောင်း ဆိုရန်၊ အာမခံထား သူသည် အလုပ်မှ ထွက်ခွာခြင်းမရှိသဖြင့် **အလုပ်သမား ဦးစီးဌာန၏ ဝဘ်ဆိုဒ်တွင် စာရင်းသွင်းရန် မလိုအပ်ပါ။**

အကျိုးခံစားခွင့် တောင်းဆိုခြင်း

- ရပိုင်ခွင့် ရှိသည့် နေ့မှ ၂ နှစ်အတွင်း လျော်ကြေးအတွက် လျှောက်လွှာတင်ပါ။
- ငွေလက်ခံရန် အကြောင်းကြားသည့် ရက်မှစ၍ ၂ နှစ်အတွင်း ငွေလက်ခံရန် ဆက်သွယ်ပါ။
- အလုပ်မှထွက်ပြီးနောက် ဖျားနာ၊ မီးဖွား၊ မသန်စွမ်း နှင့် သေဆုံးခြင်းတို့အတွက် နောက် ၆ လ အထိ ခံစားခွင့်ရှိသည်။ (ပုဒ်မ 38 ၊ ပုဒ်မ 41)
- ညွှန်ကြားချက် လက်ခံရရှိသည့် ရက်မှ ရက် ၃၀ အတွင်း အယူခံဝင် ခွင့်ရှိသည်။
- သင်သည် အယူခံအဖွဲ့ဝင်၏ ဆုံးဖြတ်ချက်ကို သဘောမတူညီခဲ့လျှင် အယူခံ၏ ရလဒ်ကို လက်ခံရရှိ ရက်မှ ရက် ၃၀ အတွင်း အလုပ်သမားတရားရုံးသို့ ယူဆောင်လာခွင့် ရှိသည်။

ပုဒ်မ 39 အရ မိမိဆန္ဒအလျောက် အာမခံထားခြင်း



လျှောက်ထားသူအရည်အချင်း

1. ပုဒ်မ 33 အရ မိမိဆန္ဒအလျောက် အာမခံထားရှိပြီး အနည်းဆုံး ၁၂လ အတွက် ထည့်ဝင်ကြေး ပေးထားရမည်။
2. ပုဒ်မ 39 အရ အလုပ်ရပ်စဲသည့်ရက်မှ ၆လအတွင်း အကျိုးခံစားခွင့် ရရှိရန်လျှောက် ထားရမည်။

ပုဒ်မ 39 အရ အာမခံထားခြင်းသည် မည်သည့်အချိန်တွင် ပြီးဆုံးသလဲ

1. သေဆုံးခြင်း ။
2. နှုတ်ထွက်ခြင်း။
3. ပုဒ်မ 33 အရအာမခံ ပြန်လည်ထားရှိခြင်း။
4. ၃ လဆက်တိုက်အာမခံကြေးပေးသွင်းရန် ပျက်ကွက်ခြင်း။
5. ၁၂ လအတွင်း ၉လထက်နည်း၍ အာမခံကြေးပေးသွင်းခြင်း။

အကျိုးခံစားခွင့်တောင်းဆိုရန်အတွက် စာရွက်စာတမ်းများ

1. **ဆေးကုသစရိတ်**
   ဆေးလက်မှတ်၊ ပြေစာ၊ ဘဏ်စာအုပ်ရှေ့စာရွက် မိတ္တူ။

2. **ပုဒ်မ 33- ဝင်ငွေမရှိ**
   ဆေးလက်မှတ်၊ အလုပ်ရှင်ထောက်ခံ စာ၊ ခွင့်ရက်ဇယား (ရှိခဲ့လျှင်)။
   ပုဒ်မ 39- ဝင်ငွေမရှိ
   ဆေးလက်မှတ်၊ ဘဏ်စာအုပ်ရှေ့စာရွက် မိတ္တူ။

3. **ကိုယ်လက်အင်္ဂါအတု/ကိရိယာ**
   ဆေးလက်မှတ်(အသုံးပြုရန်လိုအပ်ကြောင်းဖော် ပြထားသော)၊ ပြေစာ၊ ဘဏ်စာအုပ်ရှေ့စာရွက် မိတ္တူ။

4. **မသန်စွမ်း**
   ဆေးလက်မှတ်၊ ပြေစာ၊ ဆေးမှတ်တမ်းမိတ္တူ၊ ဘဏ်စာအုပ်ရှေ့စာရွက် မိတ္တူ။

5. **မီးဖွား + ကလေး ထောက်ပံ့ကြေး**
   မွေးစာရင်းမိတ္တူ၊ လက်ထပ်စာချုပ်မိတ္တူ၊ လက်ထပ်စာချုပ် မရှိသော အာမခံထားသူ၏ သက်သေခံစာ(အမျိုးသားအတွက်) ၊ ဘဏ်စာအုပ်ရှေ့စာရွက် မိတ္တူ။

6. **သေဆုံး၊ ပင်စင်**
   သေစာရင်းမိတ္တူ၊ နာရေးစီမံစာအုပ်၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ လက်ခံမည့်သူ နှင့် သေဆုံးသူ ၏ လက်ထပ်စာချုပ်။

7. **သက်ကြီး**
   ဘဏ်စာအုပ်ရှေ့စာရွက် မိတ္တူ။

8. **အလုပ်လက်မဲ့**
   ဘဏ်စာအုပ်ရှေ့စာရွက် မိတ္တူ။

มิตรไทย www.mitrthai.com Migrant Working Group IOM UN MIGRATION Schweizerische Eidgenossenschaft Confédération suisse Confederazione Svizzera Confederaziun svizra Swiss Agency for Development and Cooperation SDC PROMISE

လျှော်ကြေးငွေရရှိရန် နည်းလမ်းမှာ ဘဏ်မှတဆင့် သို့မဟုတ် ငွေသားပေးခြင်းဖြင့်

- ကက်စီကွန်ဘဏ် (ပုဂ္ဂလိက)
- အယူဒွယ ဘဏ် (ပုဂ္ဂလိက)
- ဘန်ကောက်ဘဏ် (ပုဂ္ဂလိက)
- စီရန်ကော်မာရှယ်ဘဏ် (ပုဂ္ဂလိက)
- ထိုင်းနိုင်ငံ အစ္စလာမ်ဘဏ်
- ခွန်ထိုင်းဘဏ် (ပုဂ္ဂလိက)
- တီအမ်ဘီ-တနာချက်ဘဏ် (ပုဂ္ဂလိက)
- ထိုင်းတပ်မတော်ဘဏ် (ပုဂ္ဂလိက)
- စီအိုင်အမ်ဘီထိုင်းဘဏ်
- အစိုးရငွေစုဘဏ်
- စိုက်ပျိုးရေး နှင့် မွေးမြူရေး သမဝါယမဘဏ်

လျော်ကြေးရန်ပုံငွေ အကြောင်း သိကောင်းစရာ

လျော်ကြေး အက်ဥပဒေ BE 2537 (1994)ကို လျော်ကြေး အက်ဥပဒေ (နံပါတ် 2) BE 2561 (2018) ဖြင့်ပြင်ဆင်ခြင်း။

ရည်ရွယ်ချက်

အလုပ်ရှင်အတွက် အလုပ် လုပ်ကိုင်ပေးရသောကြောင့် သို့မဟုတ်
အလုပ်ရှင်၏အကျိုးစီးပွားကိုကာကွယ်ပေးရခြင်းကြောင့် ဖျားနာမှု နှင့် ဘေးအန္တရာယ်ကျရောက်သည့် အလုပ်သမားများအား အခက်အခဲမှ ကူညီရန်။
လျော်ကြေး အက်ဥပဒေ BE 2537 (1994) သည် 1 ရက် ဇူလိုင် 1994 မှစ၍ သက်ရောက်သည်။
လျော်ကြေးငွေ အက်ဥပဒေ (နံပါတ် 2) 2561(2018) သည် 9 ရက် ဒီဇင်ဘာ (2018) မှစ၍ သက်ရောက်သည်။

လျော်ကြေးရန်ပုံငွေမှ အကျိုးဝင်သောအလုပ်သမားများ

1. တစ်ဦးထက် ပိုသော အလုပ်သမားများရှိသည့် လုပ်ငန်းမှ အလုပ်သမားများ။
2. အစိုးရအေဂျင်စီအားလုံးရှိ ယာယီအလုပ်သမားများ။
3. နိုင်ငံအတွင်း ခန့်အပ်ထားသည့် နိုင်ငံခြားအစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ဝန်ထမ်းများ။
4. စီးပွားရေးအကျိုးအမြတ်မယူသော လုပ်ငန်းများ၏ ဝန်ထမ်းများ။
5. ငါးဖမ်း၊ သစ်တော၊ မွေးမြူရေး၊ စိုက်ပျိုးရေးတို့လုပ်ကိုင်သော အလုပ်ရှင်များ၏ အလုပ်သမားများ။

มิตรไทย www.mitrthai.com Migrant Working Group IOM UN MIGRATION Schweizerische Eidgenossenschaft Confédération suisse Confederazione Svizzera Confederaziun svizra Swiss Agency for Development and Cooperation SDC PROMISE POVERTY REDUCTION THROUGH SAFE MIGRATION, SKILLS DEVELOPMENT AND ENHANCED JOB PLACEMENT

အလုပ်သမားများ အားလုံးအတွက် လျော်ကြေးရန်ပုံငွေ

လျော်ကြေးရန်ပုံငွေဆိုသည်မှာ အလုပ်ရှင် အတွက် အလုပ်လုပ်နေစဉ် အလုပ်သမားမှ ထိခိုက်အန္တရာယ် သို့မဟုတ် ဖျားနာ၊ မသန်စွမ်းမှု၊ သေဆုံး သို့မဟုတ် ပျောက်ဆုံးသွားလျှင် အလုပ်ရှင် ကိုယ်စား အလုပ်သမား အား လျော်ကြေး ပေးရန်အတွက် တည်ထောင်ထားသည့် လျော်ကြေး ရန်ပုံငွေဖြစ်သည်။ နေရက်၊ အချိန်၊နေရာတို့နှင့် သက်ဆိုင်မှု မရှိသော်လည်း အန္တရာယ်ဖြစ်မှု မှတွေ့ကြုံခံစားရမှု သို့မဟုတ် ဖျားနာမှု အကြောင်းအရင်းကို ကြည့်ပါသည်။ ရန်ပုံငွေကို အလုပ်ရှင်မှသာ ထည့်ဝင်ရန် တာဝန်ရှိသည်။

အန္တရာယ်တွေ့ကြုံ

အလုပ်သမားသည် အလုပ်ရှင်၏ ညွှန်ကြားမှုအရ သို့မဟုတ် အလုပ်ရှင်၏ အကျိုးအမြတ် ကိုကာကွယ်ရန် သို့မဟုတ် အလုပ်ကြောင့် ရုပ်ပိုင်းဆိုင်ရာ အန္တရာယ်ကျမှု သို့မဟုတ် စိတ်ပိုင်း ထိခိုက်မှု သို့မဟုတ် သေဆုံးမှု တို့ဖြစ်ခြင်း။

ဖျားနာ

အလုပ်ကြောင့် သို့မဟုတ် အလုပ်၏ သဘောသဘာဝ သို့မဟုတ် အခြေအနေကြောင့် ဖြစ်ပေါ်သည့် ရောဂါများဖြင့် အလုပ်သမား ဖျားနာခြင်း သို့မဟုတ် သေဆုံးခြင်း။

ပျောက်ဆုံး

အလုပ်သမားသည် အလုပ် လုပ်နေစဉ် သို့မဟုတ် အလုပ်ရှင်၏ ညွှန်ကြားချက်ကို လိုက်နာစဉ် ပျောက်ဆုံးမှု။ အလုပ်သမား သေဆုံးသွားသည်ဟု ယုံကြည်ရသည့် ဖြစ်ရပ်ဖြစ်ပြီး ၎င်းသည် ဖြစ်ပွားသည့် နေ့မှ ရက်ပေါင်း ၁၂၀ ထက် မနည်းသော ကာလအတွက် ဖြစ်သည်။

มิตรไทย www.mitrthai.com Migrant Working Group IOM UN MIGRATION Schweizerische Eidgenossenschaft Confédération suisse Confederazione Svizzera Confederaziun svizra Swiss Agency for Development and Cooperation SDC PROMISE POVERTY REDUCTION THROUGH SAFE MIGRATION, SKILLS DEVELOPMENT AND ENHANCED JOB PLACEMENT



အလုပ်သမားများ အားလုံးအတွက် လျော်ကြေးရန်ပုံငွေ

အလုပ်ရှင်အတွက် အလုပ် လုပ်သည့် ပထမဆုံး ရက်မှစ၍ ချက်ချင်းခံစားပိုင်ခွင့်ရှိသည်။

ခံစားခွင့်ရှိသည့်ဖြစ်ရပ်များ

1. အလုပ်သမားသည်အလုပ်ရှင်အတွက် အလုပ် လုပ်ကိုင်ခြင်း။
2. အလုပ်သမားသည် ၎င်း အလုပ်ရှင် တို့အကျိုးကိုကာကွယ်ခြင်း။
3. အလုပ်သမားသည် အလုပ်ရှင်၏ ညွှန်ကြားချက်အတိုင်းအလုပ် လုပ်ကိုင်ခြင်း။
4. လုပ်ငန်းခွင်တွင် ဘေးအန္တရာယ်လုံခြုံမှု မရှိခြင်း ။

အလုပ်ကြောင့် ထိခိုက်အန္တရာယ် သို့မဟုတ် ဖျားနာခြင်းဖြစ်လျှင် ဆေးကုသမှု ဘယ်လို ရရှိမလဲ?

အလုပ်သမားများသည် မည်သည့် အစိုးရ နှင့် ပုဂ္ဂလိက ဆေးရုံဆေးခန်း၌မဆို ချက်ချင်း ကုသမှု ခံယူရမည်။

၂ ပိုင်း ခွဲခြားထားသည်

1. Kor Tor 44 (အခမဲ့) ဆေးရုံကို လျော်ကြေးရန်ပုံငွေ မှ ပေးဆောင်ရန်ဖြစ်သည်။
2. ကုန်ကျစရိတ်များကို အရင်ပေးထားပါ။ (ပေးချေပြီးနေ့မှ ရက် ၉၀ အတွင်း ပြန်လည်ထုတ်ယူနိုင်သည်။)

มิตรไทย www.mitrthai.com Migrant Working Group IOM UN MIGRATION Schweizerische Eidgenossenschaft Confédération suisse Confederazione Svizzera Confederaziun svizra Swiss Agency for Development and Cooperation SDC PROMISE POVERTY REDUCTION THROUGH SAFE MIGRATION, SKILLS DEVELOPMENT AND ENHANCED JOB PLACEMENT

အလုပ်သမားများ အားလုံးအတွက် လျော်ကြေးရန်ပုံငွေ

1. အလုပ်ရှင်မှ ထိခိုက်အန္တရာယ် သို့မဟုတ် ဖျားနာ သို့မဟုတ် ပျောက်ဆုံး အကြောင်းကြားစာ (KorTor.16)

အန္တရာယ် ကျရောက်သည်ဟု အလုပ်ရှင် သိရှိချိန် သို့မဟုတ် သိရှိသင့်သည့် ရက် မှစ၍ ၁၅ရက် အတွင်း အလုပ်ရှင် မူရင်းနေထိုင်ရာနေရာတွင် သို့မဟုတ် အလုပ်သမား အလုပ်လုပ်သည့် နယ်မြေ လူမှုဖူလုံရေးရုံး၌ တင်ပြရသည်။ (ပုဒ်မ 48)

2. အလုပ်သမား သို့မဟုတ် အကျိုးခံစားခွင့်ရှိသူအတွက် လျော်ကြေး တောင်းဆိုလွှာ (KorTor.16)

ထိခိုက်ဒဏ်ရာရ သို့မဟုတ် ဖျားနာ သို့မဟုတ် ပျောက်ဆုံးမှု မှ ရက်ပေါင်း ၁၈၀အတွင်း အလုပ်ရှင် မူရင်းနေထိုင်ရာ သို့မဟုတ် အလုပ်သမား အလုပ် လုပ်သည့် နယ်မြေလူမှုဖူလုံရေးရုံး၌ တောင်းဆိုနိုင်သည်။ (ပုဒ်မ 49)

(အလုပ်သမားသည် အလုပ်ရပ်စဲပြီးနောက် အလုပ်မှ ရရှိသော ရောဂါ သို့မဟုတ် ဖျားနာမှုဖြစ်ခဲ့လျှင် ဖျားနာသည့် ရက်မှစ၍ ၂ နှစ်အတွင်း တောင်းဆိုနိုင်သည်။)

มิตรไทย www.mitrthai.com Migrant Working Group IOM UN MIGRATION Schweizerische Eidgenossenschaft Confédération suisse Confederazione Svizzera Confederaziun svizra Swiss Agency for Development and Cooperation SDC PROMISE POVERTY REDUCTION THROUGH SAFE MIGRATION, SKILLS DEVELOPMENT AND ENHANCED JOB PLACEMENT



E-Compensate စနစ်မှတဆင့် အလုပ်ကြောင့်ဖြစ်သည့် ထိခိုက်အန္တရာယ်များကို အကြောင်းကြားပါ



www.sso.go.th ၌ SSO E-SERVICEကိုသွား၍ စီးပွားရေးလုပ်ငန်းကို ရွေးချယ်ပါ။

e-compensate သို့ဝင်ရောက်ရန်အတွက် လျော်ကြေးရန်ပုံငွေကို ရွေးချယ်ပါ။



e-compensate စနစ်တစ်ခုကို ရွေးချယ်ပါ။

အဆင့်လျော့ချခြင်း/ လျင်မြန်စွာ ရောဂါရှာဖွေခြင်း/စစ်ဆေးနိုင်ခြင်း စသောအကျိုးကျေးဇူးများရရှိသည်။

အလုပ်သမားများရရှိမည့် လျော်ကြေးငွေ အကျိုးခံစားခွင့်

1. ဆေးကုသစရိတ် (ပုဒ်မ 13)

2. လျော်ကြေးငွေ (ပုဒ်မ 18)

3. နာရေးစရိတ် (ပုဒ်မ 16 ၊ ပုဒ်မ 17)

4. အလုပ်ပြန်လုပ်နိုင်ရန် ပြန်လည်သန်စွမ်းရေး စရိတ် (ပုဒ်မ 15)

အလုပ်သမားများ အားလုံးအတွက် လျော်ကြေးရန်ပုံငွေ

မတော်တဆဖြစ်မှု ၁ ကြိမ်လျှင်ဆေးကုသစရိတ်

အလုပ်သမားသည် လိုအပ်သလိုအမှန်တကယ်ပေးချေခဲ့သည့် ပမာဏအတိုင်း ဆေးကုသစရိတ် ပြန်လည်တောင်းခံခွင့် ရှိသည်။

အလုပ်ရှင်များမှ ဆေးကုသစရိတ်အား ပေးချေ ရန် သတ်မှတ်သော BE 2563 (၂၀၂၀) ခုနှစ် ဝန်ကြီးဌာန စည်းမျဉ်း ရက်စွဲ ၉ ရက် ဧပြီလ ၂၀၂၀ ခုနှစ် မှစ၍ သက်ရောက်သည်။

ဆေးကုသမှုပြီးဆုံး (အစိုးရဆေးရုံ)

- 1,000,000 ဘတ်
- 500,000 ဘတ်
- 300,000 ဘတ်
- 100,000 ဘတ်
- 50,000 ဘတ်



အခန်းခ၊စားစရိတ် နှင့် သူနာပြု ဝန်ဆောင်ခ တစ်ရက် ဘတ် 1,300

มิตรไทย www.mitrthai.com Migrant Working Group IOM UN MIGRATION Schweizerische Eidgenossenschaft Confédération suisse Confederazione Svizzera Confederaziun svizra Swiss Agency for Development and Cooperation SDC PROMISE POVERTY REDUCTION THROUGH SAFE MIGRATION, SKILLS DEVELOPMENT AND ENHANCED JOB PLACEMENT

2. လျော်ကြေး

2.1 ဆေးကုသမှုကြောင့် အလုပ်နားချိန် လျော်ကြေး

ဝန်ထမ်းသည် ဆရာဝန်၏ ညွှန်ကြားချက်ဖြင့် အလုပ်ခွင့်နားခြင်း နှင့် ဆရာဝန်ဆေးလက်မှတ်ဖြင့် အမှန်တကယ် အလုပ်ရပ်နားခြင်းတွင် စုစုပေါင်း ၁ နှစ် ထပ်မပိုသော တစ်လလျှင် ဘတ် ၁၄၀၀၀ ထက် မပိုသည့်(အများဆုံးလုပ်ခလစာ ဘတ်၂၀၀၀၀) လစဉ် လုပ်ခ၏ ၇၀ % လျော်ကြေး ကို ၁ ရက်မှစတင်ရရှိမည်။

2.2 အလုပ်စွမ်းဆောင်ရည်ဆုံးရှုံးမှု လျော်ကြေး

သက်တမ်း ၁၀နှစ်ကာလတွင် လစဉ်လစာ၏ ၇၀ % လျော်ကြေးပေးမည်။ ဆုံးရှုံးမှု ၁ % သည် လျော်ကြေး ၂ လစာဖြင့် ညီမျှသည်။

အကဲဖြတ်မှု သတ်မှတ်ချက်

ဆေးကုသမှုပြီးဆုံး/ကိုယ်လက်အင်္ဂါပုံမှန်၊ ပြောင်းလဲမှုမရှိ/ ၁ နှစ် တာကာလ (ဆေးကုသမှုခံယူသည့်အချိန်မှစ၍)

2.3 မသန်စွမ်းဖြစ်မှုတွင် လျော်ကြေး ရရှိခြင်း

ရရှိခွင့် -
လစဉ်လစာ၏ ၇၀ % ကို လျော်ကြေးရရှိမည်။
ဘဝတသက်တာ လျော်ကြေးရရှိမည်။
၁၀ နှစ်အတွင်း သေဆုံးပါက ၁၀ နှစ် ထက်မပိုသော လျော်ကြေး နှင့် နာရေးစရိတ် အတူတကွရရှိမည်။

2. လျော်ကြေး

2.4 သေဆုံး သို့မဟုတ် ပျောက်ဆုံးမှုတွင် လျော်ကြေးငွေ

“ခံစားခွင့်ရှိသူ” သည် ၁၀ နှစ်တာကာလအတွက် ၎င်းတို့ လစဉ် လစာ၏ ၇၀ % ကိုလျော်ကြေးအဖြစ်ရရှိမည်။ ခံစားခွင့်ရှိသူများတွင်-

1. တရားဝင် မိခင် သို့မဟုတ် ဖခင်
2. တရားဝင် ခင်ပွန်း သို့မဟုတ် ဇနီး
3. အသက် ၁၈ နှစ်အောက် ကလေးများ
4. တက္ကသိုလ်ဒီဂရီ ဘွဲ့ထက် မမြင့်သော အဆင့်တွင် ပညာသင်ကြားနေဆဲ အသက် ၁၈ နှစ်နှင့်အထပ် ကလေးများ၊ သူတို့သည် ပညာသင်ကြားဆဲ ကာလတလျှောက် ဆက်လက် ရရှိမည်။
5. အလုပ်သမား သေဆုံး သို့မဟုတ် ပျောက်ဆုံးမှု မဖြစ်မီ အလုပ်သမား အပေါ်တွင် မှီခိုနေရသည့် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းသူ သို့မဟုတ် မသန်စွမ်းသော အသက် ၁၈ နှစ်ပြည့်ကလေးများ။
6. အလုပ်သမား သေဆုံး သို့မဟုတ် ပျောက်ဆုံးသည့်ရက်မှ ရက်ပေါင်း ၃၁၀ ရက်အတွင်း မွေးဖွားသည့် အလုပ်သမား၏ကလေးသည် မွေးဖွားသည့် ရက်မှ မူစ၍ လျော်ကြေးရရှိပိုင်ခွင့် ရှိသူ ။
7. အထက်ဖော်ပြပါပုဒ်မများမရှိလျှင် အလုပ်သမား သေဆုံး သို့မဟုတ် ပျောက်ဆုံးမှု မဖြစ်မီ အလုပ်သမားအပေါ် မှီခိုနေသူသည် ရရှိခွင့်ရှိသည်။ သို့သော် ထိုမှီခိုသူများ သည် သေဆုံး သို့မဟုတ် ပျောက်ဆုံးသွားသော အလုပ်သမားထံမှ ထောက်ပံ့မှု မရရှိလျှင် အခက်အခဲရောက်မည် ဖြစ်သည်။

ခံစားခွင့်ရှိသူသည် လျော်ကြေးခံစားခွင့် ဆုံးရှုံးနိုင်ချိန်

- သေဆုံးခြင်း။
- ခင်ပွန်း သို့မဟုတ် ဇနီးသည် နောက်အိမ်ထောင်ပြုခြင်း သို့မဟုတ် အခြားအမျိုးသမီး သို့မဟုတ် အမျိုးသားဖြင့် ခင်ပွန်း/ဇနီး ကဲ့သို့နေထိုင်ခြင်း။
- အသက် ၁၈ နှစ်ပြည့်ပြီး၊ ဘွဲ့မရရှိသေးခြင်း။

**** ကျန်ရှိသည့် ခံစားခွင့်ရှိသူများကြား ပျမ်းမျှ တွက်ချက်ပေးမည်။ ****

3. နာရေးစရိတ်

ဈာပန စီမံသူ အတွက် ဘတ်၅၀,၀၀၀ ပေးချေပေးသည်။

အလုပ်ရှင်မှ နာရေးစရိတ်ပေးရန် သတ်မှတ်ထားသည့်
BE 2564 (2021) ဝန်ကြီးဌာနစည်းမျဉ်း
12 ရက် ဇူလိုင် 2021

4. အလုပ်တွင်း ပြန်လည်သန်စွမ်းရေး စရိတ်

ပြန်လည်သန်စွမ်းရေး ဆေးကုသစရိတ်

ဘတ် ၂၄,၀၀၀ ထက် မပိုသော

ပြန်လည်သန်စွမ်းရေး ပစ္စည်းကိရိယာများစရိတ်

ဘတ် ၁၆၀,၀၀၀ ထက် မပိုသော

ကုသမှု နှင့် ခွဲစိတ်မှု

ဆေးကောင်စီ ဆုံးဖြတ်ချက်ဖြင့် ဘတ် ၄၀,၀၀၀ ထပ်မပိုသော နှင့် ဘတ် ၁၄၀,၀၀၀ ထက် မပိုသော ထပ်တိုးပေးချေမှု

ပညာရှင်စရိတ်

ဘတ် ၂၄,၀၀၀ ထက် မပိုသော

အလုပ်ရှင်မှ အလုပ်တွင် ပြန်လည်သန်စွမ်းရေး စရိတ်ပေးရန် သတ်မှတ်သော B.E 2563 (2020) ဝန်ကြီးဌာနစည်းမျဉ်း 9 ရက် ဧပြီ 2020

အလုပ်တွင်
ပြန်လည်သန်စွမ်းရေး
စရိတ်

ဆေးဘက်ဆိုင်ရာ အကြံပြုဆွေးနွေးလှုပ်ရှားမှုများ

ရုပ်ပိုင်းဆိုင်ရာ ကုသရေးလှုပ်ရှားမှုများ

အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းများ

စိတ်ပိုင်း နှင့်လူမှုရေးပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများ

တစ်ဦးချင်း
ဆွေးနွေးတိုင်ပင်ခြင်း

အားကစားလှုပ်ရှားမှုများ

ဂီတနှင့် ဖျော်ဖြေမှု

လေ့လာရေးခရီးများ

มิตรไทย www.mitrthai.com Migrant Working Group IOM UN MIGRATION
Schweizerische Eidgenossenschaft Confédération suisse Confederazione Svizzera Confederaziun svizra
Swiss Agency for Development and Cooperation SDC
PROMISE POVERTY REDUCTION THROUGH SAFE MIGRATION, SKILLS DEVELOPMENT AND ENHANCED JOB PLACEMENT

အလုပ်သမား ပြန်လည်သန်စွမ်းရေးစင်တာများ

အောက်တွင်ဖော်ပြထားသည့် ပြန်လည်သန်စွမ်းရေး စင်တာ ၅ ခုကို အလုပ်သမားများ ပြည့်စုံသော ပြန်လည်သန်စွမ်းရေးဝန်ဆောင်မှုရရှိရန်အတွက် ပြည်သူ့ဝန်ထမ်းဦးစီးဌာနမှ တည်ထောင်ခဲ့သည်-

အလုပ်သမားများ ပြန်လည်သန်စွမ်းရေးစင်တာ နယ်မြေ ၃ ခုကို ဖုံးလွှမ်းထားသည်

အလုပ်သမားများပြန်လည်သန်စွမ်းရေး စင်တာ နယ်မြေ ၄ ကွက်ကို ဖုံးလွှမ်းထားသည်

အလုပ်သမားများပြန်လည်သန်စွမ်းရေး စင်တာ နယ်မြေ ၁ ခုကို ဖုံးလွှမ်းထားသည်

အလုပ်သမားများပြန်လည်သန်စွမ်းရေး စင်တာ နယ်မြေ ၂ ခုကို ဖုံးလွှမ်းထားသည်

มิตรไทย www.mitrthai.com Migrant Working Group IOM UN MIGRATION Schweizerische Eidgenossenschaft Confédération suisse Confederazione Svizzera Confederaziun svizra Swiss Agency for Development and Cooperation SDC PROMISE POVERTY REDUCTION THROUGH SAFE MIGRATION, SKILLS DEVELOPMENT AND ENHANCED JOB PLACEMENT

ငွေလက်ခံရရှိမည့် နည်းလမ်းများ

လူမှုဖူလုံရေးရုံးတွင် ငွေလွှဲခြင်း
ငွေအမှာစာများ
စာတိုက် ချက်လက်မှတ်
အောက်ပါဘဏ်သို့ ငွေလွှဲခြင်း

ခွန်ထိုင်းဘဏ်၊ ခရွန်စရီဘဏ်၊ အစိုးရငွေစုဘဏ် နှင့် BAAC ဘဏ် သို့ ငွေလွှဲခြင်း။

အယူခံဝင်ခြင်း

အရာရှိ၏ ဆုံးဖြတ်ချက်အား သဘောမတူသည့် အလုပ်သမားသည် ဆုံးဖြတ်ချက်ကို လက်ခံသိရှိသည့် နေ့မှ ရက် ၃၀ အတွင်း အယူခံဝင်ခွင့်ရှိပါသည်။

ရန်ပုံငွေကော်မတီ၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှု မရှိခဲ့လျှင် ဆုံးဖြတ်ချက်ကို လက်ခံသိရှိသည့် နေ့မှ ရက် ၃၀ အတွင်း အလုပ်သမားတရားရုံးသို့ အမှုကို တင်သွင်းခွင့် ရှိသည်။

အလုပ်ရှင်သည် အလုပ်သမားအားလျော်ကြေး ပေးရန် မလိုအပ်ပါ။

အရက် သို့မဟုတ် မူးယစ်ဆေးဝါးအား အန္တရာယ်ဖြစ်သည် အထိ သုံးစွဲခြင်း။
အလုပ်သမားများသည် မိမိကိုယ်ကို အန္တရာယ်ပြုခြင်း သို့မဟုတ် အခြားသူအား မိမိအား အန္တရာယ်ဖြစ်စေရန် ခွင့်ပြုခြင်း။

มิตรไทย www.mitrthai.com Migrant Working Group IOM UN MIGRATION Schweizerische Eidgenossenschaft Confédération suisse Confederazione Svizzera Confederaziun svizra Swiss Agency for Development and Cooperation SDC PROMISE POVERTY REDUCTION THROUGH SAFE MIGRATION, SKILLS DEVELOPMENT AND ENHANCED JOB PLACEMENT



မတော်တဆဖြစ်မှုအကြောင်းကြားပုံစံတင်ရန်အတွက် အထောက်အကူပြု စာရွက်စာတမ်းများ

1. မတော်တဆမှု၊ ဖျားနာမှု သို့မဟုတ် ပျောက်ဆုံးမှုအကြောင်းကြားရန် အတွက် ပုံစံ (Kor. Tor.16)
2. ဆေးကုသလက်မှတ်
3. အလုပ်သမားပေးပို့စာ ကိုယ်တိုင်ငွေပေးချေသည့်ကိစ္စတွင် လက်ခံဖြတ်ပိုင်း အတူတွဲတင်ရန်(Kor.Tor.44)
4. အလုပ်တတ်ရောက်ချိန် အထောက်အထား မိတ္တူ
5. ငွေပေးချေသည့်အထောက်အထား (ဆေးခွင့်တောင်းခံသည့် ကိစ္စတွင်)
6. မတော်တဆဖြစ်ရာနေရာ၌ ကား၏ မှတ်ပုံတင်မိတ္တူ
7. ရဲ မှတ်ချက်
8. မတော်တဆဖြစ်မှုပြ ပုံ

ယာဉ် မတော်တဆဖြစ်ရပ်

နိုင်ငံခြားသားများအတွက် အောက်ပါ စာရွက် စာတမ်းများ ထပ်မံလိုအပ်သည်။

1. ပတ်စပို့ passport မိတ္တူ
2. ဗီဇာ Visa မိတ္တူ
3. အလုပ် လုပ်ခွင့်လက်မှတ် မိတ္တူ(Work permit)
4. ပန်းရောက်ကတ် မိတ္တူ

မှတ်ချက်- မတော်တဆဖြစ်မှုပုံစံ (Kor. Tor.16) ကိုတစ်ကြိမ်တင်ပြီးလျှင် ဖြစ်ရပ်အားလုံးတွင် အကျိုးခံစားခွင့် ရရှိနိုင်သည်။

စာရွက်စာတမ်းများတင်ရာတွင် ကြုံရသည့်ပြဿနာများ

1. Tor.16 ကို ဖြည့်ရာတွင် အသေးစိတ်ရှင်းလင်းမှုမရှိခြင်း၊ ဥပမာ-

- အလုပ်ပျက်ကွက်မှု လျော်ကြေးကိစ္စရပ်တွင် လစာမဖော်ပြထားခြင်း၊ ငွေပေးမှုနှင့် လစာ ကိုက်ညီမှုမရှိခြင်း။
- ဝန်ထမ်း၏ ထိခိုက်ချိန်သည် ပုံမှန်အလုပ် လုပ်ချိန်နှင့် မကိုက်ညီခြင်း။
- မတော်တဆဖြစ်မှုသည် ဆေးလက်မှတ်နှင့် မကိုက်ညီခြင်း။
- အလုပ်ရှင် နှင့် အလုပ်သမားသည် Kor. Tor.16 ကိုလက်မှတ်မထိုးထားခြင်း။
- အလုပ်သမား အလုပ် နားရက် ဖြစ်ရပ်တွင် Kor. Tor.16 ၌ အလုပ်ပိတ်ရက်ဟု မဖော်ပြထားခြင်း။



2. Kor. Tor.16 နှင့် Kor. Tor. 44၌ လက်မှတ်ထိုးထားသည့် အလုပ်ရှင် သို့မဟုတ် ရှေ့နေသည် လူမှုဖူလုံရေးရုံး တွင်ဖော်ပြထားသည့် တရားဝင် လက်မှတ်ထိုးထားသူ သို့မဟုတ် ရှေ့နေနှင့် မတူညီခြင်း။

3. အလုပ်ရှင်သည် အလုပ်သမားအား သတ်မှတ်ထားသည့် အချိန်အတွင်း စာရင်းမသွင်းထားခြင်း။